## " ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းနှင့် ခုနှိမ်ခွင့်များဆိုင်ရာ သိကောင်းစရာများ"

### ရည်ရွယ်ချက်

❖ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်းရှိ/မရှိနှင့် မိမိတို့ပေးဆောင်ပြီးခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်များအပေါ် ခုနှိမ်ပေးဆောင်ခွင့်ရှိ/မရှိကို သိရှိစေရန် ရည်ရွယ်ပါသည်။

### ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်၍ သိသင့်သည့်အချက်များ

❖ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံပိုင်၊ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍ(၃)ရပ်လုံးအပေါ်တွင် အကျိုးသက်ရောက်ပါသည်။ ဝင်ငွေခွန်ကဲ့သို့ အခွန်ပေးဆောင်ရမည့်သူထံမှ တိုက်ရိုက်ကောက်ခံသည့် တိုက်ရိုက်ခွန်အမျိုးအစားတွင် ပါဝင်ခြင်းမရှိပါ။ အခွန်ပေးဆောင်သူများထံမှ အခွန်ငွေကို ကုန်စည်ထုတ်လုပ်သူ၊ ကုန်စည်တင်သွင်းသူ၊ ကုန်သွယ်မှုဆောင်ရွက်သူနှင့် ဝန်ဆောင်မှုဆောင်ရွက်သူများကတစ်ဆင့် ကောက်ခံသည့် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်ပါသည်။

### ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့် လုပ်ငန်းအမျိုးအစားများ

❖ မည်သူမဆို အောက်ဖော်ပြပါဆောင်ရွက်မှုများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ရမည်ဖြစ်ပါသည်-

- ➢ ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊
- ➢ ကုန်စည်တင်သွင်းခြင်း၊
- ➢ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊
- ➢ ဝန်ဆောင်မှုဆောင်ရွက်ခြင်း။

### ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန် တာဝန်ရှိသူများ

❖ ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရပါမည်။

❖ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကိုရယူသူထံမှ အခွန်ကိုတစ်ပါတည်း ကောက်ခံပြီး ပေးဆောင်ရမည်ဖြစ်ပါသည်။

## ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်း

၂၀၂၃ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ သတ်မှတ်ထားသည့် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

❖ **ကုန်စည်များအပေါ် ကျသင့်သည့်အခွန်နှုန်းထားများ**

- ➢ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့်ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ပါမည်။
- ➢ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါမည်။
- ➢ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး အထူးကုန်စည်များအပါအဝင် ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းနှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါမည်။
- ➢ ပြည်ပသို့တင်ပို့သည့် လျှပ်စစ်ဓါတ်အားအပေါ် ရစ် ရာခိုင်နှုန်းနှင့် ရေနံစိမ်းများအပေါ် ငါး ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပြီး ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါမည်။
- ➢ မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ ၊ မြေပိုင်ရှင်နှင့်အကျိုးတူ ပူးပေါင်း၍ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါမည်။
- ➢ ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ် ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါမည်။

❖ **ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကျသင့်သည့်အခွန်နှုန်းထားများ**

- ➢ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါမည်။

- ဆင်းကတ်(SIM Card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှု(SIM Card Activation)အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ်နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် တစ်ကြိမ်တည်း ကျသင့်ပါမည်။
- အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှ ရငွေအပေါ် တစ်ဆယ့်ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါမည်။
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် သုံး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါမည်။

**ကုန်သွယ်လုပ်ငန်းခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ဝန်ဆောင်မှုရငွေ**

- ❖ ၂၀၂၃ ခုနှစ် ၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)အရ သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-
  - ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀တိတိ၊
  - ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊
  - ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊
  - အကောက်ခွန်လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များအပေါ် အခွန်အခများကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက်(De-minimis Value Threshold)

**လုပ်ငန်းအလိုက် ခုနှိမ်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်များ**

- ❖ ကုန်ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-
  - ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊
  - အခြားကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူထံမှဖြစ်စေ၊ ပြည်ပမှ ကုန်စည်တင်သွင်းသူထံမှဖြစ်စေ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊
  - ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်။

(ဥပမာ-ပလပ်စတစ်ပိုက်များ ထုတ်လုပ်ရောင်းချသည့် ကုန်ထုတ်လုပ်သည့် လုပ်ငန်းပိုင်ရှင်ဦးကျော်သည် လုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်ရုံနှင့် မြေနေရာငှားရမ်းခြင်း၊ ပြည်ပမှ စက်များနှင့်

သယ်ယူပို့ဆောင်နိုင်ရန် ကားများတင်သွင်းခြင်း၊ ပလပ်စတစ်ပိုက်တွင် အသုံးပြုမည့် အရောင်တင် အမှုန့်များ/ထည့်ဝင်ပစ္စည်းများအား ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ကော်စေ့များဝယ်ယူခြင်း၊ အခြားထုတ်လုပ်သူတစ်ဦးထံမှ တစ်ပိုင်းတစ်စကုန်စည်များဝယ်ယူခြင်းပြုလုပ်ခဲ့ပါသည်။

ယင်း၏လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြည်ပမှတင်သွင်းစဉ်၊ ပြည်တွင်း၌ ဝယ်ယူစဉ်၊ ဝန်ဆောင်မှုရယူစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ခွင့်ပေးရမည်ဖြစ်သော်လည်း ပျက်စီးသွားသော ကုန်စည်များနှင့်ရောင်းချခြင်းမပြုသည့် ကုန်စည်များအတွက် ခုနှိမ်ခွင့်မရှိပါ။)

- ❖ ပြည်ပမှ ကုန်စည်တင်သွင်းရောင်းချခြင်းအပါအဝင် ကုန်သွယ်မှုဆောင်ရွက်သူသည် မိမိရောင်းချသည့်ကုန်စည်အပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်သွယ်မှု လုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့်အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-
  - ➢ ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊
  - ➢ ပြည်တွင်း၌ဝယ်ယူသော ကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊
  - ➢ ကုန်သွယ်မှုလုပ်ငန်းအတွက်ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့် အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်။

(ဥပမာ-LASER Trading Co.Ltd လုပ်ငန်းလုပ်ကိုင်သူ ဦးလှသည် ပြည်ပမှ ကွန်ပျူတာနှင့် ဆက်စပ်သည့် အပိုပစ္စည်းများ ကိုယ်တိုင်တင်သွင်းခြင်း၊ ပြည်တွင်း၌ Transformer ဝယ်ယူခြင်း၊ အရောင်းပြခန်းအတွက် မြေနေရာများ ငှားရမ်းခြင်း၊ အရောင်းမြှင့်တင်ရေး အတွက် ကြော်ငြာများအပ်နှံခြင်း၊ ပြည်တွင်း/ပြည်ပအကြံပေးများငှားရမ်းခြင်းတို့ကို ဆောင်ရွက်ရပါသည်။

ယင်း၏လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြည်ပမှတင်သွင်းစဉ်၊ ပြည်တွင်း၌ဝယ်ယူစဉ်၊ ဝန်ဆောင်မှုရယူစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ခွင့်ပေးရမည်ဖြစ်သော်လည်း ပျက်စီးသွားသော ကုန်စည်များနှင့်ရောင်းချခြင်းမပြုသည့် ကုန်စည်များအတွက် ခုနှိမ်ခွင့်မရှိပါ။)

- ❖ ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိဆောင်ရွက်သည့် ဝန်ဆောင်မှုအပေါ် ကျသင့်သည့် ကုန်သွယ် လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းဝန်ဆောင်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-
  - ➢ ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊
  - ➢ ပြည်တွင်း၌ ဝယ်ယူသော ကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

- ဝန်ဆောင်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှု ရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်။

( ဥပမာ– City Star Hotel လုပ်ငန်းပိုင်ရှင် ဒေါ်မြသည် မိမိ၏ဟိုတယ်လုပ်ငန်းအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများဖြစ်သော အိပ်ယာခင်း၊ မွေ့ယာ၊ ခေါင်းအုံး၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာ အစရှိသည်တို့အား ပြည်တွင်း၌ဝယ်ယူခြင်း၊ အထပ်မြင့်ဟိုတယ်၏ အပြင်ပိုင်း သန့်ရှင်းရေးဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် Cherry Picker Crane စက်ယန္တရားအား ပြည်ပမှကိုယ်တိုင်ဝယ်ယူတင်သွင်းခြင်း၊ဟိုတယ်သို့ လာရောက်တည်းခိုသည့် ဧည့်သည်တော်များ အဆင်ပြေစေရန်အတွက် ခရီးသည်လှည့်လည်ရေးလမ်းညွှန်အဖွဲ့နှင့် ဆက်သွယ်၍ Tour Guide,Tour Car များငှားရမ်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရပါသည်။

အဆိုပါ ဟိုတယ်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ပမှ တင်သွင်းစဉ်၊ ပြည်တွင်း၌ ဝယ်ယူစဉ်၊ ဝန်ဆောင်မှုဆောင်ရွက်စဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ခွင့်ရှိပါသည်။)

**အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ သတ်မှတ်ပုံစံများ**

- ပြည်ပမှ ကုန်စည်တင်သွင်းရောင်းချခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူသည် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ကြောင်းသက်သေခံလက်မှတ် ( ပြည်ပမှဝယ်ယူတင်သွင်းခြင်း ) **ပတခ (ကသခ)–၀၅–၀၂** ပုံစံအား နှစ်စောင်ပြုစု၍ မူရင်းခွဲကို သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့ ပေးပို့ပြီး မူရင်းကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်ဖြစ်ပါသည်။
- ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း ၊ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့ဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ကြောင်းသက်သေခံလက်မှတ် (ပြည်တွင်း၌ဝယ်ယူခြင်း/ဝန်ဆောင်မှုဆောင်ရွက်ခြင်း **ပတခ(ကသခ)–၀၅–၀၁** ပုံစံအား သုံးစောင်ပြုစု၍ မူရင်းကို ဝယ်ယူသူ/ဝန်ဆောင်မှုရယူသူသို့လည်းကောင်း၊ မူရင်းခွဲကို ဝယ်ယူသူ/ဝန်ဆောင်မှုရယူသူနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့လည်းကောင်း ပေးပို့ပြီး ကျန်မူရင်းခွဲကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်ဖြစ်ပါသည်။
- ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ရာတွင် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း ရောင်းချပြီးသည့် ကုန်စည်နှင့် ဆောင်ရွက်ပြီးသည့် ဝန်ဆောင်မှုအတွက်သာ ခုနှိမ်ခွင့်ပြုပေးမည်ဖြစ်သည့်အတွက် ရောင်းချခြင်းမပြုရသေးသော ကုန်လက်ကျန်များအတွက်ကိုမူ ရောင်းချသည့်အချိန်တွင် ခုနှိမ်ပေးသွင်းနိုင်ရန် အခွန်ခုနှိမ်ပြီးကြောင်းတင်ပြလွှာ **ပတခ(ကသခ)–၀၅–၀၃** ဖြင့် ဆက်လက်သယ်ဆောင်ခွင့်ပြုသွားမည် ဖြစ်ပါသည်။
- အခွန်ခုနှိမ်ခွင့်ရရှိနိုင်ရန်အတွက် အထက်တွင်ဖော်ပြထားသကဲ့သို့ ပြည်ပမှကုန်စည်တင်သွင်းရောင်းချသူ၊ ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့သည် နှစ်အလိုက် လုပ်ငန်းမှတ်ပုံတင်လက်မှတ် **ပတခ(ကသခ)–၀၁–၀၂** ရှိပြီး သူများဖြစ်ရပါမည်။

- ❖ သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး နောက်တစ်လအတွင်း တင်သွင်းရာတွင်ခုနှိမ်ခဲ့မှုများအတွက် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ကြောင်းသက်သေခံ လက်မှတ် (ပြည်တွင်း၌ဝယ်ယူခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ခြင်း **ပတခ(ကသခ)-၀၅-၀၁** သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ကြောင်းသက်သေခံလက်မှတ် (ပြည်ပမှဝယ်ယူ တင်သွင်းခြင်း) **ပတခ(ကသခ)-၀၅-၀၂** နှင့် အခွန်ခုနှိမ်ပြီးကြောင်းတင်ပြလွှာ **ပတခ(ကသခ)-၀၅-၀၃** ပုံစံတို့ကို ပူးတွဲထည့်သွင်းဖော်ပြရန် လိုအပ်မည်ဖြစ်ပါသည်။
- ❖ ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်ရရှိရန် အောက်ဖော်ပြပါ သတ်မှတ်ပုံစံများနှင့်အတူ သက်ဆိုင်ရာ အခွန်စည်းကြပ်သည့်ရုံးများသို့ တင်ပြလျှောက်ထားရမည်-
  - ➢ ပြည်ပမှ ကုန်စည်တင်သွင်းရောင်းချခြင်းဖြစ်ပါက
    - သွင်းကုန်ကြေညာလွှာ(Import Declaration Form)မူရင်း/မိတ္တူ
    - ပတခ(ကသခ)-၀၅-၀၂ ပုံစံ မူရင်း/မိတ္တူ(ပူးတွဲ-၂)
    - ပတခ(ကသခ)-၀၅-၀၃ ပုံစံ မူရင်း/မိတ္တူ(ပူးတွဲ-၃)
    - ပတခ(ကသခ)-၀၁-၀၂ ပုံစံ မူရင်း/မိတ္တူ(ပူးတွဲ-၄)
  - ➢ ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက် ခြင်းဖြစ်ပါက
    - ပတခ(ကသခ)-၀၅-၀၁ ပုံစံ မူရင်း/မိတ္တူ(ပူးတွဲ-၁)
    - ပတခ(ကသခ)-၀၅-၀၃ ပုံစံ မူရင်း/မိတ္တူ(ပူးတွဲ-၃)
    - ပတခ(ကသခ)-၀၁-၀၂ ပုံစံ မူရင်း/မိတ္တူ(ပူးတွဲ-၄)

| | |
|---|---|
| **မှတ်ချက်။** | သတ်မှတ်ပုံစံဖြစ်သော ပတခ(ကသခ)-၀၅-၀၁ သည် လုံခြုံမှုအဆင့်အတန်းပါသော ပုံစံဖြစ်သည့်အတွက် သက်ဆိုင်ရာအခွန်ရုံးတွင်သာ ထုတ်ယူရမည်ဖြစ်ပြီး ပတခ(ကသခ)-၀၅-၀၂ နှင့် ပတခ(ကသခ)-၀၅-၀၃ ပုံစံတို့အား ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm တွင် ဝင်ရောက် download ရယူနိုင်ပါသည်။ |

## ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်ရှိသူများ

- ❖ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များအားလုံးသည် အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းပါပြဋ္ဌာန်းချက်များနှင့် အညီ မိမိတို့ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များအား ခုနှိမ်ပေးဆောင်ခွင့်ရှိပါသည်။
- ❖ နှစ်အလိုက် ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းရှင်မှတ်ပုံတင်ရှိသူများသည် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ပေးဆောင်ခွင့်ရှိပါသည်။

## ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်ပြုသည့်ကိစ္စရပ်များ

- ❖ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ နှစ်တစ်နှစ်အတွင်း အခွန် စည်းကြပ်ထိုက်သည့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရာတွင် ပေးဆောင်ခဲ့ပြီးသော ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။

- ❖ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်ပါသည်။
- ❖ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သည့် အခါတွင် လုပ်ငန်းသဘောသဘာဝအရ လေလွင့်လျော့နည်းသွားသည့်ကုန်စည်များ သို့မဟုတ် လုပ်ငန်းလည်ပတ်ရန် အသုံးပြုရသည့် ကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရရှိမည်။
- ❖ ကျသင့်အခွန်မှ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ရာတွင် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်က ပိုမိုသည့်ကိစ္စ၌ ခုနှိမ်ရန်ပိုနေသည့် ကုန်သွယ်လုပ်ငန်းခွန်ကို လုပ်ငန်း၏အသုံးစရိတ်အဖြစ် ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ်ပေးမည်။
- ❖ အကြွေးဖြင့်ဝယ်ယူသည့် ကုန်စည်များ၊ အကြွေးဖြင့် ရယူသော ဝန်ဆောင်မှုများအတွက် ကုန်စည်များနှင့်ဝန်ဆောင်မှုများ၏ တန်ဖိုးနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်စည်ရောင်းချသူ၊ ဝန်ဆောင်မှုဆောင်ရွက်ပေးသူကို ပေးချေဝယ်ယူသည့်ကုန်စည်နှင့် လက်ငင်းပေးချေရယူသည့် ဝန်ဆောင်မှုတို့အတွက်သာ(အဆိုပါ ကုန်စည်အား ရောင်းချပြီးပါက)ခုနှိမ်ခွင့်ရှိပါသည်။

**ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်မပြုသည့်ကိစ္စရပ်များ**

- ❖ ပျက်စီးဆုံးရှုံးသွားသည့် ကုန်စည်များနှင့် ရောင်းချခြင်းမပြုရသေးသည့် ကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခြင်းမပြုပါ။
- ❖ ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိပါ။

**အခွန်ထမ်း၏ တာဝန်**

- ❖ နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိမည့် ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိလုပ်ငန်းမစတင်မီ တစ်လကြိုတင်၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ လုပ်ငန်းမှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၀၁-၀၂ လျှောက်ထားရန်လိုအပ်ခြင်း၊
- ❖ နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ မရှိသည့် ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ အနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်ခြင်းအား မဖြစ်မနေလျှောက်ထားရန် မလိုပါ။ သို့ရာတွင် အခွန်ခုနှိမ်ခံစားလိုခြင်းကြောင့်ဖြစ်စေ၊ လုပ်ငန်းသဘောသဘာဝအရ လိုအပ်ချက်ကြောင့်ဖြစ်စေ ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းကို မိမိဆန္ဒအလျှောက် လျှောက်ထားနိုင်ခြင်း၊
- ❖ လုပ်ငန်းစတင်လုပ်ကိုင်သည့်နေ့မှ ၁၀ ရက်အတွင်း လုပ်ငန်းစတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ခြင်း၊

- ❖ လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ခြင်း၊
- ❖ သုံးလတစ်ကြိမ်ကြေညာလွှာကို သုံးလပတ်အလိုက် မိမိခုနှိမ်လိုသည့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ကြောင်းသက်သေခံလက်မှတ်(ပြည်တွင်း၌ဝယ်ယူခြင်း/ဝန်ဆောင်မှုဆောင်ရွက်ခြင်း ပတခ(ကသခ)-၀၅-၀၁ ၊ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ကြောင်းသက်သေခံလက်မှတ် (ပြည်ပမှဝယ်ယူတင်သွင်းခြင်း)ပတခ(ကသခ)-၀၅-၀၂ နှင့် အခွန်ခုနှိမ်ပြီးကြောင်းတင်ပြလွှာ ပတခ(ကသခ)-၀၅-၀၃ စသည့် သက်သေခံလက်မှတ်များကို ပူးတွဲလျက် သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီးနောက် တစ်လအတွင်းပေးပို့ခြင်း၊
- ❖ မိမိခုနှိမ်လိုသည့် ကုန်သွယ်လုပ်ငန်းခွန်များအတွက် ထုတ်ပေးသည့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ကြောင်း သက်သေခံလက်မှတ် (ပြည်တွင်း၌ဝယ်ယူခြင်း/ဝန်ဆောင်မှုဆောင်ရွက် ခြင်း ပတခ(ကသခ)-၀၅-၀၁ မူရင်းများနှင့်လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပတခ(ကသခ)-၀၁-၀၂ မိတ္တူကို ထုတ်ပေးသည့်လုပ်ငန်းရှင်များထံမှ သေချာစိစစ်၍ မူရင်းတစ်ပါတည်းတောင်းခံခြင်း၊
- ❖ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ကြောင်း သက်သေခံလက်မှတ် (ပြည်တွင်း၌ဝယ်ယူခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ခြင်း ပတခ(ကသခ)-၀၅-၀၁ ထုတ်ပေးသည့် လုပ်ငန်းရှင်များသည် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေများအတွက် စာရင်းများကို မှန်ကန်စွာပြုစုထားရန် လိုအပ်ခြင်း၊
- ❖ နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာဘဏ္ဍာနှစ်ကုန်ဆုံးပြီး သုံးလအတွင်းပေးပို့ခြင်း၊
- ❖ စည်းကြပ်မှုအရ ကျသင့်အခွန်နှင့်ဒဏ်ငွေကို သတ်မှတ်ကာလအတွင်း ပေးဆောင်ခြင်း၊
- ❖ ပြည်ပသို့ အပြီးအပိုင်ထွက်ခွာသွားမည့်သူ၊ လုပ်ငန်းရပ်စဲသူ၊ ဖျော်ဖြေရေးကျင်းပသူ နှင့် လစဉ်ပုံသေနှုန်းထားဖြင့် အခွန်ပေးဆောင်သူတို့သည် သက်ဆိုင်ရာဘဏ္ဍာနှစ် ကုန်ဆုံးပြီးသည့် အချိန်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ နှစ်အတွင်း အခွန်စည်းကြပ်မှုပြီးပြတ်အောင် ဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ အကြောင်းကြားခြင်း။

**<u>အသေးစိတ်သိရှိလိုပါက</u>** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး( ရန်ကုန် )၊ အမှတ်-၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈-၃၈၉၃၁၁ ၊ ဖုန်း-၀၁-၈-၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂ ၊၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော <u>www.ird.gov.mm</u> သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်း စာစောင်နှင့်ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

အမှတ်စဉ်- 000001

ပတခ(ကသခ)-၀၅-၀၁

## ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဓ) နှင့် (ဈ) တို့အရ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခဲ့ကြောင်း သက်သေခံလက်မှတ် (ပြည်တွင်း၌ ဝယ်ယူခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ခြင်း)

ရောင်းချသူ / ဝန်ဆောင်မှုဆောင်ရွက်သူ /လုပ်ငန်း/ဆိုင်အမည်-------------------

---------------------------------------------------------------------------

လိပ်စာ---------------------------------------------------------------------

---------------------------------------------------------------------------

လုပ်ငန်းမှတ်ပုံတင်လက်မှတ် / အခွန်ထမ်းမှတ်ပုံတင်(TIN) အမှတ် ----------------------------------

စည်းကြပ်မှုခံယူသည့်ရုံး----------------------------------------------------------

ရောင်းချသည့် / ဝန်ဆောင်မှုဆောင်ရွက်သည့် ရက်စွဲ ----------------------------------

ဝယ်ယူသူ / ဝန်ဆောင်မှုရယူသူ /လုပ်ငန်း/ဆိုင်အမည်-----------------------------------

---------------------------------------------------------------------------

လိပ်စာ---------------------------------------------------------------------

---------------------------------------------------------------------------

လုပ်ငန်းမှတ်ပုံတင်လက်မှတ် / အခွန်ထမ်းမှတ်ပုံတင်(TIN) အမှတ်------------------------------------------

စည်းကြပ်မှုခံယူသည့်ရုံး-------------------------------------------------------------------

ကုန်ရောင်း / ဝန်ဆောင်မှုရငွေ ပြေစာအမှတ် -----------------------------------------------

| အမှတ်စဉ် | ရောင်းချသည့် ကုန်စည်/ ဝန်ဆောင်မှု အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | ဈေးနှုန်း | | အခွန်မပါ ရောင်းရငွေ/ ဝန်ဆောင်မှုရငွေ | | ကျသင့်အခွန် (ကျပ်) |
|---|---|---|---|---|---|---|---|---|
| | | | | ကျပ် | ပြား | ကျပ် | ပြား | |
| | | | | | | | | |
| | | | | | | | စုစုပေါင်းကျသင့်အခွန်----------------------- | |

အထက်ပါကျသင့်အခွန်ငွေ(စာဖြင့်)ကျပ် ----------------------------------------------------------------------------------------------------တိတိကို ---------------ခုနှစ်၊ ------------------------------------လအတွက် ကုန်ရောင်းရငွေ / ဝန်ဆောင်မှုရငွေ အပေါ်တွင် တစ်ပါတည်းပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

ကုမ္ပဏီ ရုံးတံဆိပ်

ကုန်ရောင်းချသူ / ဝန်ဆောင်မှုဆောင်ရွက်သူ လက်မှတ်

**မှတ်ချက်။** မှတ်ပုံတင်ပြီးသည့်ကုန်ထုတ်လုပ်ရောင်းချသူ/ ကုန်သွယ်မှုဆောင်ရွက်သူ/ ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိ၏ကုန်စည်/ ဝန်ဆောင်မှုကို အခြားမှတ်ပုံတင်ပြီးသည့်ကုန်ထုတ်လုပ်ရောင်းချသူ/ ကုန်သွယ်မှုဆောင်ရွက်သူ/ ဝန်ဆောင်မှုဆောင်ရွက်သူက ဝယ်ယူသည့် / ဝန်ဆောင်မှုရယူသည့်အခါ ဤသက်သေခံလက်မှတ်ကို (၃)စောင် ပြုစုရေးသားရမည်။ မူရင်းကို ဝယ်ယူသူ/ ဝန်ဆောင်မှုရယူသူသို့ ပေးအပ်ရန်ဖြစ်ပြီး မူရင်းခွဲကို ဝယ်ယူသူ/ ဝန်ဆောင်မှုရယူသူအား အခွန်စည်းကြပ်သည့် သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ရမည်။ ကျန်မူရင်းခွဲ တစ်စောင်ကို လက်ခံ အဖြစ် မိမိထံ၌ သိမ်းဆည်းထားရမည်။

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

ပတခ(ကသခ)-၀၅-၀၂

## ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဇ) အရ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခဲ့ကြောင်း သက်သေခံလက်မှတ်
## ( ပြည်ပမှ ဝယ်ယူတင်သွင်းခြင်း )

ပြည်ပမှတင်သွင်းသူအမည်------------------------------------------------------------

လိပ်စာ ------------------------------------------------------------

------------------------------------------------------------

လုပ်ငန်းမှတ်ပုံတင်လက်မှတ်/အခွန်ထမ်းမှတ်ပုံတင်(TIN) အမှတ် ------------------------------------------------------------

သွင်းကုန်လိုင်စင်အမှတ်နှင့်ရက်စွဲ------------------------------------------------------------

သွင်းကုန်ကြေညာလွှာအမှတ်နှင့်ရက်စွဲ ------------------------------------------------------------

ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းကြောင်းဖော်ပြချက်-

| အမှတ်စဉ် | ကုန်စည်/ဝန်ဆောင်မှု အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | သွင်းကုန်တန်ဖိုး (နိုင်ငံခြားငွေ) | ကုန်းပေါ်ရောက်တန်ဖိုး (ကျပ်) | အခွန်နှုန်း | ကျသင့်အခွန် (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |
| **စုစုပေါင်းကျသင့်အခွန်----------------------** | | | | | | | | |

စာတိုင်-၈ပါ ကျသင့်အခွန်များကို အကောက်ခွန်နှင့်တစ်ပါတည်း အကောက်ခွန်ဦးစီးဌာနတွင် ပေးဆောင်ထားပြီးဖြစ်ကြောင်းလည်း ဝန်ခံပါသည်။

ကုမ္ပဏီ
ရုံးတံဆိပ်

လက်မှတ် ------------------------------------------------------------

အမည် ------------------------------------------------------------

တာဝန် ------------------------------------------------------------

ဖုန်း၊ e-mail၊ လိပ်စာ ------------------------------------------------------------

------------------------------------------------------------

**မှတ်ချက်။** မှတ်ပုံတင်ပြီးသည့်ကုန်ထုတ်လုပ်သူ/ ကုန်သွယ်မှုဆောင်ရွက်သူ/ ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်စည်များကို ပြည်ပမှတင်သွင်းလျှင် ဤသက်သေခံလက်မှတ်ကို (၂) စောင် ပြုစုရေးသားရမည်။ မူရင်းခွဲကို မိမိအား အခွန်စည်းကြပ်သည့် သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ရမည်ဖြစ်ပြီး မူရင်းကို လက်ခံအဖြစ်ထားရှိရမည်။

| |
|---|
| ၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။ |

ပတခ(ကသခ)-၀၅-၀၃

## ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ ( ည ) အရ အခွန်ခုနှိမ်ပြီးကြောင်း တင်ပြလွှာ

ရက်စွဲ၊ -----------------------------------

သို့

တာဝန်ခံအရာရှိ

ပြည်တွင်းအခွန်များဦးစီးဌာန

------------------------------------------ ရုံး

၁။ အမှတ်--------၊ -------------------------လမ်း၊ --------------------------------ရပ်ကွက်၊ ---------------------------မြို့/ မြို့နယ်ရှိ ----------------------------------------------------------------------------------လုပ်ငန်း/ အဖွဲ့အစည်း / အသင်း/ ကုမ္ပဏီ/အစုစပ်လုပ်ငန်း၊ လုပ်ငန်းမှတ်ပုံတင်လက်မှတ်/ အခွန်ထမ်းမှတ်ပုံတင်အမှတ်(TIN) ------------------------မှ ---------------ခုနှစ်၊ ---------------လ/ သုံးလပတ်/နှစ်အတွင်းက ရောင်းချခဲ့သောကုန်စည်ရောင်းရငွေ /ဝန်ဆောင်မှုရငွေပေါင်း ကျပ်-----------------------------------အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျပ်------------------------------------------------------------ကျသင့်ပါသည်။

၂။ ဖော်ပြပါကာလအတွင်း ရောင်းချခဲ့သောကုန်စည်ကို ပြည်တွင်း၌ဝယ်ယူစဉ် / ပြည်ပမှတင်သွင်းစဉ် / ဝန်ဆောင်မှုဆောင်ရွက်စဉ်က ကုန်စည်တန်ဖိုးမှာ ကျပ်------------------------------------------------------ဖြစ်ပါသဖြင့် ယင်းတန်ဖိုးအပေါ် ပေးဆောင်ခဲ့ရပြီးဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကျောဘက်တွင်ဖော်ပြပါရှိသည့်အတိုင်း တွက်ချက်ရရှိသည့်အခွန်ပမာဏမှ ခုနှိမ်၍ ကျန်အခွန်ငွေကျပ် -----------------------------------------------------------ကို ----------------------------ဘဏ်၊ -------------------------------သို့ ချလန်အမှတ် ---------------------------------- ဖြင့် ---------------------------နေ့တွင် ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၃။ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် အခွန်ခုနှိမ်ခွင့်မရှိကြောင်း သတ်မှတ်ထားသည့် ကုန်စည်များ၊ ပျက်စီးဆုံးရှုံးသွားသည့်ကုန်စည်များနှင့် ရောင်းချခြင်းမပြုရသေးသည့် ကုန်စည်များအတွက် ပေးသွင်းခဲ့ရသည့် အခွန်ပမာဏကို ခုနှိမ်ထားခြင်းမရှိဘဲ ရောင်းချပြီးသည့်ကုန်စည်/ ဆောင်ရွက်ပြီးသည့်ဝန်ဆောင်မှုအတွက်သာ ခုနှိမ်ထားပါသည်။ လက်ကျန် ကုန်စည်/ ဝန်ဆောင်မှုအတွက် ခုနှိမ်ရန်ကျန်ရှိသေးသည့် ဖော်ပြပါအခွန်ပမာဏကို ကုန်စည်ရောင်းချရရှိချိန်/ ဝန်ဆောင်မှုရငွေရရှိချိန်တွင် ဆက်လက်ခုနှိမ်သွားမည်ဖြစ်ပါသည်။

၄။ ပြည်တွင်း၌ ကုန်စည်ဝယ်ယူစဉ်/ ပြည်ပမှတင်သွင်းစဉ်/ ဝန်ဆောင်မှုဆောင်ရွက်စဉ်က ပြုစုထားသည့် သက်သေခံလက်မှတ် ပတခ(ကသခ)-၀၅-၀၁/ ပတခ(ကသခ)-၀၅-၀၂ (      ) စောင်ကို ပူးတွဲတင်ပြပါသည်/ တင်ပြထားပြီးဖြစ်ပါသည်။

လက်မှတ် ------------------------------------------------------------------

အမည်----------------------------------------------------------------------

တာဝန် --------------------------------------------------------------------

ဖုန်း၊ e-mail၊ လိပ်စာ -----------------------------------------------------

--------------------------------------------------------------------------

ကုမ္ပဏီ
ရုံးတံဆိပ်

## ပြည်တွင်း၌ ကုန်စည်ဝယ်ယူစဉ်/ ပြည်ပမှတင်သွင်းစဉ် / ဝန်ဆောင်မှုဆောင်ရွက်စဉ်က ကုန်စည်/ ဝန်ဆောင်မှုအပေါ် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့မှုနှင့် ခုနှိမ်မှုစာရင်း

ကုန်စည်ဝယ်ယူခဲ့မှုအတွက်ခုနှိမ်ရန်

| အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် | သွင်းကုန်တန်ဖိုး (နိုင်ငံခြားငွေ) | အခွန်မပါကုန်တန်ဖိုး (ကျပ်) | ပေးသွင်းခဲ့ရသည့်အခွန်ပေါင်း (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| စာရင်းဖွင့်ကုန်လက်ကျန်<br><br>**(ပေါင်း)**နှစ်အတွင်းကုန်အဝယ်<br><br>**(ပေါင်း)** ပုံသေပိုင်ပစ္စည်း (သို့) မ-တည်အပိုင်ပစ္စည်းအဝယ် | | | | | | |
| **စုစုပေါင်း-----------** | | | | | | |
| ရောင်းချပြီးသည့်ကုန်စည်<br><br>**(ပေါင်း)** ပုံသေပိုင်ပစ္စည်း (သို့) မ-တည်အပိုင်ပစ္စည်းအဝယ် | | | | | | |
| **စုစုပေါင်း-----------** | | | | | | |
| ပျက်စီးကုန် | | | | | | |
| ကုန်လက်ကျန် | | | | | | |

ရယူခဲ့ပြီးဝန်ဆောင်မှုအတွက်ခုနှိမ်ရန်

| အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် | ဝန်ဆောင်မှုအမျိုးအစား | အခွန်မပါဝန်ဆောင်မှုရငွေ (ကျပ်) | ပေးသွင်းခဲ့ရသည့်အခွန်ပေါင်း (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| စာရင်းဖွင့်လက်ကျန်<br><br>(ပေါင်း)နှစ်အတွင်းရယူခဲ့သည့်ဝန်ဆောင်မှု<br><br>(ပေါင်း) ပုံသေပိုင်ပစ္စည်း (သို့) မ-တည်အပိုင်ပစ္စည်းအဝယ် | | | | | | |
| စုစုပေါင်း---------- | | | | | | |
| ဆောင်ရွက်ခဲ့သည့်ဝန်ဆောင်မှု / ခုနှိမ်ရန်ဝန်ဆောင်မှု<br><br>(ပေါင်း) ပုံသေပိုင်ပစ္စည်း(သို့) မ-တည်အပိုင်ပစ္စည်းအဝယ် | | | | | | |
| စာရင်းပိတ်လက်ကျန် | | | | | | |

အထက်တွင်ဖော်ပြထားသော အချက်အလက်များသည် ကျွန်ုပ်ယုံကြည်သိရှိသမျှ မှန်ကန်ကြောင်းဝန်ခံပါသည်။

ကုမ္ပဏီ
ရုံးတံဆိပ်

လက်မှတ် ------------------------------------------------------------

အမည် ------------------------------------------------------------

တာဝန် ------------------------------------------------------------

ဖုန်း၊ e-mail၊ လိပ်စာ ----------------------------------------------

------------------------------------------------------------

ရှင်းလင်းချက်။ (၁) ရောင်းချပြီးသည့်ကုန်စည်/ဆောင်ရွက်ပြီးသည့် ဝန်ဆောင်မှုအတွက်သာ ခုနှိမ်ရမည်။ ပျက်စီးဆုံးရှုံးသွားသည့် ကုန်စည်များနှင့်ရောင်းချခြင်းမပြုရသေးသည့် ကုန်စည်များအတွက် ပေးသွင်းခဲ့ရသည့် အခွန်ပမာဏကို ခုနှိမ်ခြင်းမပြုပါ။

(၂) ခုနှိမ်ရာတွင်ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကပိုမိုသည့်ကိစ္စ၌ ခုနှိမ်ရန်ပိုနေသည့်ကုန်သွယ်လုပ်ငန်းခွန်ကို လုပ်ငန်း၏အသုံးစရိတ်အဖြစ် ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ်ပေးမည်။

(၃) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် လုပ်ငန်းသဘောသဘာဝအရ လေလွင့်လျော့နည်းသွားသည့်ကုန်စည်များ သို့မဟုတ် လုပ်ငန်းလည်ပတ်ရန် အသုံးပြုလိုက်ရသည့်ကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရှိမည်။ (ညွှန်ကြားလွှာအမှတ် - ၂၅/ ၂၀၁၉)

ပူးတွဲ-၄

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

ပတခ(ကသခ)-၁၁-၀၂

**ပြည်တွင်းအခွန်များဦးစီးဌာန**

**------------------------- ရုံး**

**----------------------------------မြို့/ မြို့နယ်**

**—————————တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ**

## ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄ အရ ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူအားထုတ်ပေးသည့် လုပ်ငန်းမှတ်ပုံတင်လက်မှတ်

မှတ်ပုံတင်လက်မှတ်အမှတ်စဉ် ------------------------------------ရက်စွဲ------------------------------------

အခွန်ထမ်းအမည် ------------------------------------------------------------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ်------------------------------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ကုမ္ပဏီမှတ်ပုံတင်အမှတ်------------------------------------------------

လိပ်စာ ------------------------------------------------------------------------

------------------------------------------------------------------------

၁။ အောက်ဖော်ပြပါ ကုန်စည်ထုတ်လုပ်မှု/ ကုန်သွယ်မှု/ ဝန်ဆောင်မှု(များ)ကို ဆောင်ရွက်သူ ---------------------------- -- ------------------------------------သို့ မှတ်ပုံတင်လက်မှတ်ကို ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄ အရ ထုတ်ပေးလိုက်သည်-

ထုတ်လုပ်သည့် ကုန်စည်/ ဆောင်ရွက်သည့် ကုန်သွယ်မှု/ ဝန်ဆောင်မှု (များ) ------------------------------------

------------------------------------------------------------------------

------------------------------------------------------------------------

၂။ ဤလက်မှတ်သည် အောက်ဖော်ပြပါနေရာ၌ လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းအတွက်ဖြစ်သည်-

လုပ်ငန်းအဓိကတည်ရှိရာနေရာ ------------------------------------------------------------------------

------------------------------------------------------------------------

လုပ်ငန်းခွဲများ ( ၂ ခု ထက်ပိုသော လုပ်ငန်းခွဲများအား နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။)-

(၁) ------------------------------------------------------------------------

------------------------------------------------------------------------

(၂) ------------------------------------------------------------------------

------------------------------------------------------------------------

၃။ ဤလက်မှတ်သည် --------- ခုနှစ်၊ ------------------လ၊ ------- ရက်နေ့တွင် ကုန်ဆုံးသော နှစ်အထိသာ အတည်ဖြစ်သည်။

ရုံးတံဆိပ်

တာဝန်ခံအရာရှိ

ပြည်တွင်းအခွန်များဦးစီးဌာန

---------------------- ရုံး

ရက်စွဲ၊ -------------------------

ရှင်းလင်းချက်အား ကျောဘက်တွင် အသေးစိတ်ဖော်ပြထားပါသည်။

**သတိမှတ်ချက်များ**

၁။ ဤမှတ်ပုံတင်လက်မှတ် သို့မဟုတ် လက်မှတ်မိတ္တူများကို လုပ်ငန်းဥပစာအသီးသီးတွင် အများမြင်သာအောင် ချိတ်ဆွဲထားရမည်။

၂။ အခွန်ထမ်းအမည်( လုပ်ငန်းအမည်အပါအဝင်)၊ လိပ်စာ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် လုပ်ငန်းသဘောသဘာဝ တစ်ခုခု ပြောင်းလဲလျှင် ပြောင်းလဲမှုပြုလုပ်သည့်နေ့မှ (၁၅) ရက်အတွင်း မှတ်ပုံတင် လက်မှတ်နှင့်အတူ တာဝန်ခံအရာရှိထံသို့ အကြောင်းကြားရမည်။

၃။ လုပ်ငန်းရပ်စဲလျှင် သို့မဟုတ် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် ရပ်စဲသည့်နေ့အထိ စည်းကြပ်ရန်ရှိသော ကာလအတွက် ကြေညာလွှာကို မှတ်ပုံတင်လက်မှတ်နှင့်အတူ လုပ်ငန်းရပ်စဲသည့်နေ့မှ (၁၅) ရက်အတွင်း တာဝန်ခံအရာရှိထံသို့ တင်ပြရမည်။

၄။ မည်သူမဆို အောက်ပါပျက်ကွက်မှု တစ်ရပ်ရပ်ကိုကျူးလွန်ပါက ပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှ သောဒဏ်ကြေးငွေကိုပေးဆောင်ရမည်-

(က) အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ(စ) နှင့် ပုဒ်မခွဲ(ဆ)တို့အရ အခွန်ထမ်းဆိုင်ရာသတင်းအချက်အလက် ပြောင်းလဲမှုကို ညွှန်ကြားရေးမှူးချုပ်သို့ အကြောင်းကြားရန်ပျက်ကွက်ခြင်း၊

(ဂ) အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းမှတ်ပုံတင်ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်ခြင်း။

၅။ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားလိုပါက ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၃၊ စည်းမျဉ်းခွဲ(ခ)အရ မှတ်ပုံတင်လက်မှတ်သက်တမ်း မကုန်ဆုံးမီ တစ်လကြိုတင်၍ တာဝန်ခံအရာရှိထံ လျှောက်ထားရမည်ဖြစ်သည်။

နောက်ဆက်တွဲ

_______________________ ၏ လုပ်ငန်းခွဲများ

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းအမျိုးအစား | တည်နေရာ | ကိုယ်ပိုင် | အငှား | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |